## ပထမအကြိမ် ပြည်သူ့လွှတ်တော်

## စတုတ္ထပုံမှန် အစည်းအဝေး ၃၄ ရက်မြောက်နေ့ အစီအစဉ်

## [ ၂၈-၈-၂၀၁၂] (အင်္ဂါနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ၃၄ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စု အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးမောင်မောင်တင်၊ ရေကြည် မဲဆန္ဒနယ်၏ ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို သင့်တင့်မျှတသော အနေအထားဖြင့် ထပ်မံတိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးအောင်သိန်းလင်း၊ တောင်ဥက္ကလာပ မဲဆန္ဒနယ်၏ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေး ဘဏ်တွင် လယ်သမားအမည်ပေါက် ငွေစုစာအုပ် အမည်ပြောင်းလဲခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးလွန်းသီ၊ ကွမ်းခြံကုန်း မဲဆန္ဒနယ်၏ ဖွံ့ဖြိုးတိုးတက်လာသည့် နိုင်ငံ့စီးပွားရေး လုပ်ငန်းများ အတွက် လျှပ်စစ်ဓါတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မှု အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးစိုးစိုး၊ ထီးချိုင့် မဲဆန္ဒနယ်၏ မောင်းကုန်းကျေးရွာနှင့် မြတောင် ကျေးရွာအုပ်စုတို့အား (၂၄) နာရီ လျှပ်စစ်ဓါတ်အားကို ကိုယ့်အားကိုယ်ကိုး အစီအစဉ်ဖြင့် စီစဉ်ဆောင်ရွက်ပေးနိုင်ပါရန် နှင့် စပ်လျဉ်းသည့်မေးခွန်း။

(င) ဦးကြည်မြင့်၊ လသာ မဲဆန္ဒနယ်၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ချေးငွေမည်မျှ ထုတ်ချေးခဲ့ခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မဲဆန္ဒနယ်၏ ပြည်တွင်းအခွန်များ ဦးစီးဌာန၏ အခွန်တံဆိပ်ခေါင်းများအား အချိန်မရွေး အဆင်ပြေလွယ်ကူစွာ ဝယ်ယူရရှိနိုင်ရေး စီစဉ် ဆောင်ရွက်ပေးနိုင်ပါရန်နှင့် စပ်လျဉ်းသည့်မေးခွန်း။

၆။ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့် ပေးပို့သော **"မြေသိမ်း (သတ္တုတွင်းများ) အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း။

၇။ ဦးအောင်သောင်း၊ တောင်သာမဲဆန္ဒနယ်၏ **"မြန်မာပြည်အလယ်ပိုင်း၊ အပူပိုင်းဒေသရှိ ပြည်သူများ မျက်စိဝေဒနာများစွာ ခံစားနေရမှုကို အထူး အစီအစဉ်ဖြင့် ကုသပေးရန်"** အဆိုကို အောက်ပါ လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း -

(က) ဒေါက်တာကျော်မြင့်၊ ချမ်းအေးသာစံ မဲဆန္ဒနယ်။

(ခ) ဒေါက်တာနေလင်း၊ ဆိပ်ကမ်း မဲဆန္ဒနယ်။

(ဂ) ဗိုလ်မှူးမြတ်မိုး၊ တပ်မတော်သား ကိုယ်စားလှယ်။

(ဃ) ဦးဝင်းမြင့်၊ မြင်းခြံ မဲဆန္ဒနယ်

(င) ဦးပေါခင်၊ နွားထိုးကြီး မဲဆန္ဒနယ်။

(စ) ဦးအောင်ကျော်စိုး၊ နတ်မောက် မဲဆန္ဒနယ်။

(ဆ) ဒေါ်ခင်မွှေးလွင်၊ မင်းကင်း မဲဆန္ဒနယ်။

(ဇ) ဦးကိုကြီး၊ အောင်မြေသာစံ မဲဆန္ဒနယ်။

(ဈ) ဒေါ်ဝင်းမော်ထွန်း၊ ရေနံချောင်း မဲဆန္ဒနယ်။

(ည) ဒေါက်တာစိုင်းကျော်အုန်း၊ နမ့်ခမ်း မဲဆန္ဒနယ်။

(ဋ) ဦးသန်းဝင်း၊ တောင်တွင်းကြီး မဲဆန္ဒနယ်။

(ဌ) ဒေါက်တာအောင်သန်း၊ ရွှေဘို မဲဆန္ဒနယ်။

၈။ အဆိုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၉။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ၃၄ ရက် မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။